

လုံးချင်းဝတ္ထုသစ်
ပန်းသီခိုင်
အချစ်ရဲ့ ဆွဲငင်အား
L လင်း

## အခန်း (၁)

မင်း ... ငါ့ရဲ့ ဘေးနားမှာ

နီးကပ်စွာရှိနေခဲ့ရင်

မင်းလက်ကလေးကို

တင်းတင်းကျပ်ကျပ် ဆုပ်ထွေးထားမယ်။

မင်း ... ငါနဲ့ မလှမ်းမကမ်း

မနီးမဝေးကို ရောက်သွားခဲ့ရင်

မင်းနဲ့ မျက်လုံးချင်း ဖမ်းချိတ်

ဆက်သွယ်ချည်နှောင်ထားမယ်။

မင်း ... ငါနဲ့ ပိုပြီး ဝေးဝေးရောက်သွားခဲ့ရင်

မင်းနဲ့ငါ နှလုံးသားချင်း

နွယ်ယှက်တွယ်ငင် ရစ်နှောင်ထားမယ်။

တကယ်လို့များ ...

မင်းနဲ့ငါ ဝေးသထက်ဝေး

အဝေးဆုံးကို

ရောက်သွားခဲ့ရင်လည်း

ကမ္ဘာမြေရဲ့ ဆွဲငင်အားလို

တစ်ယောက်ကိုတစ်ယောက်

နီးနီးကပ်ကပ် ပြန်ပြီး ညှို့ငင်သိမ်းပိုက်ကြမယ်။

ရင်ခုန်သံ မရပ်သရွေ့

အသက်ရှုနေသရွေ့

မခွဲကြေး မခွဲကြေး

မမုန်းကြေး မမေ့ကြေး

မင်းသဘောတူရင်

ငါ့လက်ဖဝါးကို

ဖြန်းခနဲ ရိုက်ချလိုက်ပါ

မင်းနဲ့ငါ သစ္စာပြုကြမယ်။

*

"တီး ... တောင်"

ဆည်းဆာတိမ်လွှာကနားကြပ်လေးနားထဲထည့်ပြီးသီချင်းနားထောင်နေ

"တီး ... တောင်"

"သက်"

သက်သက်ခင်ကို သူမက သက်ပဲ ခေါ်ပါသည်။နားကြပ်နားထဲ ထည့်ထားသောကြောင့် သက်က ဘလ်သံကို ကြားပုံမရပါ။

"ဟဲ့ … သက် ဘဲလ်တီးနေတယ်၊ဧည့်သည်လားမသိဘူး သွားကြည့်လိုက်ဦး"

"ဟင် … ဟုတ်လား"

သက်က နားကြပ်ကို ဖြုတ်ပြီး ထ,ထွက်သွားသည်။

သက်သက်ခင်ကဆည်းဆာနှင့်အမြဲလိုလိုပြေလည်ပြီးပေါင်းသင်းရကော

သက်က ဆည်းဆာတို့နှင့် နှစ်လမ်းကျော်မှာ နေသည်။ ရပ်ကွက်ချင်းတော့ တူပါသည်။ မေဂျာတူ အတန်းတူ သူငယ်ချင်း၊အိမ်ချင်းကလည်း နီးတော့ အဆင်ပြေပါသည်။

သည်နေ့လည်းစာအတူတူကျက်မယ်ဆိုပြီသက်သက်ခင်ဆီရောက်နေတာ သူငယ်ချင်းနှစ်ယောက်က သီချင်းကိုရူးသွပ်ကြတာလည်း တူသည်။ ဆည်းဆာနှင့် သက် မတွေ့ ဖြစ်သည့်နေ့ မရှိပါ။

"ဆည်းဆာ … သူရိန်လာတာ၊နင် အိမ်မှာမရှိလို့ တဲ့။အပြင်ကပဲ စောင့်နေမယ်တဲ့"

သက်က ပြန်ဝင်လာပြီး ပြောလိုက်သည်။

သူရိန်လာသည် ဆိုတာကြောင့် ဆည်းဆာဂမ်းသာသွားသည်။

"အဲဒါဆို ငါသွားတော့မယ်နော်၊ နောက်နေ့မှပဲ လာခဲ့တော့မယ် … သီချင်း နင်ပဲ နားထောင်တော့"

ဆည်းဆာက စားပွဲပေါ်က စာအုပ်တွေသိမ်းရင်း ပြောလိုက်သည်။ မျက်နှာကလေးက မချိုမချဉ်ပြုံးလို့…။

"အေးပါဟာ"

"တာ့တာ"

သက်ကိုနှုတ်ဆက်ပြီးစားပွဲပေါ်က စာအိတ်ကလေး ကောက်လွယ်လျက် ထွက်လာခဲ့သည်။

နေမင်းသူရိန်က ခြံဂိတ်က ခုံတန်းရှည်မှာ ထိုင်စောင့်နေပါသည်။

“ဘာလို့ ဒီအထိ လိုက်လာတာလဲ၊ အိမ်မှာစောင့်နေပေါ့၊ သက်တို့အိမ်ကို ဖုန်းဆက်လိုက်လဲ ရတာ ပဲ”

“လမ်းလျှောက်ရင်းနဲ့ စကားပြောရအောင်လို့”

သူမတို့အိမ်ဘက် လျှောက်လာခဲ့သည်။

“ဆည်းဆာ”

“ဟင် ... ဘာလဲ”

“နင် show လျှောက်ဖို့ ဆုံးဖြတ်ပြီးပြီးလား”

“မဖြစ်နိုင်တော့ဘူးထင်ပါတယ်ဟာ ... အဝတ်အစားဖိုးတို့၊ မိတ်ကပ်ဖိုးတို့၊ဖိနပ်ဖိုးတို့ငါ့မှာအပိုအလျှံ မရှိဘူး”

ဆည်းဆာတို့က မချမ်းသာမဆင်းရဲ၊ အသင့်အတင့် အခြေအနေဖြစ်သောကြောင့် မုန့်ဖိုးလောက်အပြင် အိမ်ကအပိုမပေးပါ။ နေမင်းသူရိန်က ဆည်းဆာကို နားလည်ပေးနိုင်သော ချစ်သူတစ်ယောက်ပါ။

“အဲဒါတွေထားလိုက်ပါ၊ နင်တကယ်လျှောက်ချင်ရင် ငါ ကူညီပေးမယ်လေ”

“ဟင် နင့်မှာ ရှိလို့လား ဘယ်ကရမှာလဲ”

နေမင်းသူရိန်ကလည်း သူဌေးသားတစ်ယောက်တော့မဟုတ်ပါ။ တန်ဖိုးကြီးဂါဝန်၊ ဖိနပ်တွေဝယ်ဖို့ သူ့မှာလည်း မလျှံပယ်တာ သူမ,သိပါသည်။

ဒါပေမယ့် သူရိန်က သူမတို့ထက်တော့ပြည့်စုံပါသေးသည်။

“နင်တကယ်လျှောက်ချင်တာလား ဆည်းဆာ”

“ငါ အရမ်းလျှောက်ချင်တယ်၊ အဲဒီ show ပွဲကို … အဲဒါ ငါ့အိမ်မက်ပဲ … ဒါပေမယ့်ဟာ အခွင့်အရေးက ပေးပါ့မလား မသိဘူး”

ဆည်းဆာလိုအပ်သမျှသုံးဖို့ သူ့အစ်ကို နိုင်ငံခြားက ပို့ပေးလိုက်သော နာရီလေးကို ရောင်းပြီးနေတာ သူမ မသိပါ။

“ငါ့မှာ စုထားတာရှိတယ်၊ နင်ပြီးမှ ပြန်ပေးပေါ့”

ဆည်းဆာက ဒီအတိုင်းအလကားပေးလျှင် ယူမှာ မဟုတ်တာကြောင့် ပြီးမှပြန်ပေးလို့ ပြောလိုက်တာပါ။

ဆည်းဆာတိမ်လွှာကို သူတကယ်ချစ်သည်။

ဆည်းဆာစိတ်ချမ်းသာမယ်ဆိုရင် ဘာမဆို ဖြည့်ဆည်းပေးချင်သည်။

သူမ,က professional model တစ်ယောက်ဖြစ်ချင်တယ်ဟု ခဏ ခဏပြောဖူးပါသည်။

Modelတစ်ယောက်လိုလည်းသူမက အချိုးကျ လှပပါသည်။ မြင်သူ အသိအမှတ်ပြုရသော အလှ။

နှာတံစင်းစင်းလေး၊ ဘဲဥပုံမျက်နှာကလေး၊ ဂျူးလိယက် ဆံပင်ပုံလေးနှင့် သူမက ငေးကြည့်ချင်စရာ ကောင်းလောက်အောင် လှပါသည်။

မျက်ဝန်းနက်စိုစိုကလေးတွေကလည်း တောက်ပ အသက် ပါလွန်းသည်။

အကြည့်မလွဲချင်စရာ မျက်ဝန်းမျိုးဖြစ်သည်။ ဆည်းဆာတကယ်လည်း မင်းသမီးတစ်ယောက်ပုံစံမျိုးနှင့် အားလုံးထဲမှာ ထင်းနေတက်သည်။

“နင် တကယ်ပြောတာနော် … သူရိန်”

"တကယ်ပေါ့"

ကျေနပ်နေသော မျက်လုံးများနှင့် ပြုံးရွှင်နေသော ဆည်းဆာကို ကြည့်ကာ သူလည်း ပျော်ပါသည်။

ချစ်သူသာပျော်ရွှင်မယ်ဆို ... သူဘာဆို လိုက်လျော နိုင်ပါသည်။

"မင်းလုပ်ချင်ရဲ့လား . . . လခတော့ ကောင်းတယ်၊ တာဝန်လဲကြီးတယ်၊ စာရင်းဇယားတွေ ကွာလို့မရဘူး"

နေမင်းသူရိန် ငြိမ်သက်စဉ်းစားနေသည်။

"နံပါတ်တစ်ကတော့ ရိုးသားရမယ် တဲ့"

ဖိုးဇော်ပြောတာတွေ နားထောင်နေမိသည်။

"သူဌေးကတော့အရမ်းသဘောကောင်းတယ်၊ သူတို့ကလုပ်ငန်းတွေလဲ အများကြီးရှိတယ်"

"အင်း"

"အလုပ်လုပ်တာ မစေ့စပ်မသေချာရင် စာရင်းဇယားတွေကွာနေရင်တော့ . . ."

"အေးပါကွာ ... ငါသိပါတယ်"

သူရိန် ဖြတ်ပြောလိုက်သည်။

"လခ ဘယ်လောက်လဲ"

"အဲဒါတော့ ငါလဲအတိအကျမသိဘူး ... မင်းသွားတွေ့ကြည့်လိုက်ပေါ့"

"ဘယ်တော့လဲ"

"နေအုံး ... ငါ မေးကြည့်ပေးမယ်"

ဖိုးဇော်စကားတွေကြောင့် သူရိုန်အလုပ်ဝင်ချင်လာသည်။ အခုလုပ်နေတဲ့အလုပ်က သိပ်အဆင်မပြေပါ။

ကားဆားဖစ်စင်တာတစ်ခုမှာလုပ်ရတာ ဖြစ်ပြီး၊ လခကလဲ သုံးသောင်း မပြည့်တပြည့်။

အဝေးသင် တက်နေတာကြောင့် အလုပ်တစ်ဖက်နှင့်ကျောင်းတက်လဲ ဖြစ်ပါသည်။

“ဘယ်လိုလဲ မင်းစိတ်ဝင်စားလား”

“အေး စိတ်ဝင်စားတယ်”

“တကယ်လား ... ဒါဆို ငါ ပြောထားမယ်”

“လခ ကောင်းတယ်ဆို ...”

“ဘာလဲ ဆည်းဆာနဲ့ ယူတော့မလို့လား”

ဖိုးဇော်က ရယ်ပြီးမေးနေသည်။

“ဟာ မဟုတ်ပါဘူးကွာ၊ အဝေးကြီးလိုသေးတယ်”

သူ့ရဲ့ အခုအခြေအနေနဲ့တော့ ဆည်းဆာနဲ့ လက်ထပ်ဖို့ ဆိုတာ မဖြစ်နိုင်သေးပါ။

မရောင့်ရဲနိုင်တဲ့ ဆည်းဆာကြောင့် သူ အများကြီး ကြိုးစား ရှာဖွေရပါမည်။

နှစ်ဖက်မိဘတွေက သူတို့အကြောင်းကို သိပြီး သဘောတူထားကြပေမယ့် သူကတော့ ဆည်းဆာကို ဒီထက် ပြည့်ပြည့်စုံစုံ ထားနိုင်မှပဲ လက်ထပ်ချင်သည်။

“မင်းဆည်းဆာ Model show လျှောက်မလို့ဆို”

ဖိုးဇော်လဲ သတင်းကြားပုံရသည်။

“ဟုတ်တယ် ... သူက အဲဒါတွေ အရမ်းဝါသနာပါတယ်”

“အေးပေါ့... သူက လုလဲလုတာကိုး” သူဌေးသမီးပုံစံ သူရိန်သိပြီးသားပါ။ ဆည်းဆာက ဘာမဆို အကောင်းစားမှ ကြိုက်တတ်သည်။

အစကတည်းက သူဌေးသမီးဖြစ်ဖို့ ကောင်းတာ။ ဘာလေးပဲဖြစ်ဖြစ် အကောင်းစားမှ အညွန့်စားမှ သုံးချင်သည်။

ဆည်းဆာတိမ်လွှာအတွက် ရတက်မအေးနိုင် ဖြစ်ရသည်။

တွေးရင်းစိတ်ပင်ပန်းလာရသည်။

“မင်းသူ့ကို တော်တော် စည်းရုံးဖျောင်းဖျရမယ်၊ မင်းတို့နှစ်ယောက် အသွင်မတူဘူး”

ဖိုးဇော်က အမှန်အတိုင်းဝေဖန်သည်။

“ဟုတ်မှာပေါ့ ...”

“မင်းကိုတော့ ချစ်ပုံရပါတယ်”

အဲဒါကိုတော့ သူလည်းကျေနပ်မိပါသည်။

“လာကွာ လက်ဖက်ရည်ဆိုင် ခဏသွားရအောင်”

နှစ်ယောက်အတူတူထွက်လာကြရင်း လမ်းမှာ ဖိုးဇော်က ထပ်မေးသည်။

“သူတို့ Show က ဘယ်တော့လဲ”

“နောက်တစ်ပက်”

“မင်းသွားကြည့်မှာလား”

“ဟင့်အင်း... မသိသေးပါဘူးကွာ”

ခေါင်းယမ်းရင်း စိတ်ထဲမှာ ဆည်းဆာကို သတိရသွားမိသည်။ မတွေ့ဖြစ်တာသုံးရက်ရှိပြီ။

Show လျှောက်ဖို့အတွက် အဝတ်အစားဝယ်တာနှင့် … ဗျူတီဆလွန်းသွားတာနှင့် အလုပ်ရှုပ်နေသည်။

သူ့ထက်ပိုပြီး ထိုကိစ္စတွေကို ဂရုစိုက်နေသည်။

အင်းလေ ဒါလည်း သူမရဲ့ ဝါသနာကိုး။

ချစ်သူချင်းဆိုတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်ပေးရမှာပဲလေ။

မတွေ့ရတော့ သတိရပြီး တွေ့ချင်နေတတ်တာ တကယ်ပါ။

မှန်ထဲက ကိုယ့်ပုံကိုယ် ထပ်ကာထပ်ကာ ပြန်ကြည့်ရင်း ကြည့်မဝ ဖြစ်နေရသည်။

ဒီဇိုင်နာ ချုပ်ထားသော ဝတ်စုံလေးက သူမနှင့် အချိုးကျကျ လိုက်ဖက်လှပနေသည်။

သူမဘာဝနှင့် သူမဆိုလျှင် ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖို့ မဖြစ်နိုင်ပါ။ ဒီပြိုင်ပွဲကို ပြိုင်ခွင့်ရတဲ့အတွက် နေမင်းသူရိန်ကို ကျေးဇူးတင်ရပါမည်။

အမှန်တကယ်တော့သူမဒီပြိုင်ပွဲကိုအရမ်းပြိုင်ချင်ခဲ့တာပါ။ အရမ်းလည်းမျှော်လင့်ထားသည်။

မော်ဒယ်တစ်ယောက်ဖြစ်ဖို့ နာမယ်ကြီးဖို့အတွက် အခွင့်အရေးလည်းဖြစ်သည်။

သူမရဲ့ အိပ်မက်က နာမည်ကြီးသရုပ်ဆောင်ဖြစ်ဖို့ပါ။

သူမရဲ့မိဘအသိုင်းအဝိုင်းကလည်းပံ့ပိုးပေးနိုင်လောက်အောင်မချမ်းသာ

ဆွေမျိုးတွေထဲကလည်း အနုပညာ အသိုင်းအဝိုင်းမရှိပါ။ သူမအတွက် ခက်ခဲမှန်း သိသော်လည်း ဖြစ်အောင်လုပ်ချင်ပါသည်။

သူမရဲ့ သူငယ်ချင်းသက်ကတော့ နင်ဖြစ်နိုင်ပါတယ်လို့ ခဏခဏပြောဖူးသည်။ အားပေးသည်။

သူမရဲ့ ရုပ်ရည်အရုပ်အမောင်းနှင့် ဘော်ဒီတို့ကလည်း အချိုးအစားကျကျနှင့် မြင်သူငေးလောက်အောင် လှပါသည်။ လူအများကြီးရှေ့မှာ ကြောက်တာရှက်တာတွေလည်း သိပ်မရှိပါ။

မချမ်းသာပေမယ့်လည်း ကိုယ့်ကိုကိုယ်တော့ ယုံကြည်မှုအပြည့်ရှိသည်။ ယုံကြည်မှုနှင့် မျှော်လင့်ရတာ ။

မှန်ထဲမှာမြင်ရတဲ့ သူမရဲ့ပုံလေးက ကြွေရုပ်လေးလို ကြော့မော့နေပါသည်။

ကျောက်စိမ်းရောင် ဂါဝန်ရှည်ကြီးက ကျောမှာကြိုးမျှင်မျှင်လေးတွေပါသော ဒီဇိုင်းဆန်းဆန်းလေးဖြစ်သည်။

Cosmetic ကုမ္ပဏီကလုပ်ပေးသော ပွဲဖြစ်တာကြောင့် ဆုရတဲ့သူက ပင်တိုင်မော်ဒယ်ဖြစ်မှာဖြစ်သည်။

နာမည်ကြီးကုမ္ပဏီမို့ ဆုရခဲ့လျှင် နာမည်ကြီးဖို့ အခွင့်အလမ်းရှိနိုင်ပါသည်။

ပြိုင်ပွဲက နောက်တစ်ပတ်ဆို ပြိုင်ရတော့မှာပါ၊ ဒီနေ့တော့အစမ်းလေ့ကျင့်ရမှာဖြစ်သည်။

ဟိုတစ်နေ့က သူရိန်နှင့် သူမ အတူတူသွားကြည့်ပြီး မဝယ်ဖြစ်ခဲ့သည့် ဖိနပ်လေးကို သူရိန်က ဒီနေ့လမ်းကြုံလျှင် ဝယ်ခဲ့မယ်ဟု ပြောထားသည်။

သူရိန်က သူမအပေါ် . . . သိပ်ကောင်းသော ချစ်သူတစ်ယောက်ပါ။

နေမင်းသူရိန်က Blazon ရောက်တာနှင့် အပေါ်ဆုံးထပ်သို့ တန်းပြီး တက်လာခဲ့သည်။

ဟိုနေ့က ဆည်းဆာ စီးကြည့်ခဲ့သော ဖိနပ်လေး ရှိမှရှိပါဦးမလားမသိပါ။ ဖိနပ်လေးက ကျောက်စိမ်းရောင်လေးမို့ ဆည်းဆာဝတ်မည့်ဂါဝန်လေးနှင့်လည်း လိုက်ဖက်ပါသည်။ သူမခြေထောက်လေးနှင့်လည်း အဆင်ပြေနေ ပါသည်။

သူ အပေါ်ထပ်သို့ရောက်တော့ဖိနပ်လေးက အရင်နေရာမှာ မရှိတော့ပါ။ အဲဒီ နေရာမှာ တခြားဖိနပ်တစ်ရံရောက် နေပါသည်။

"ညီမ ... ဒီက ဖိနပ်ကျောက်စိမ်းရောင်လေး မရှိတော့ဘူးလား"

"သြော် . . . ဟုတ်ကဲ့ အခုပဲ တစ်ယောက်ယူသွားပါတယ်ရှင်၊ မရှိတော့ပါဘူး"

ဝန်ထမ်းကောင်မလေးက ချိုချိုသာသာလေး ပြန်ဖြေပါသည်။ သူစိတ်ညစ်ညစ်နှင့် ပြန်ထွက်လာခဲ့သည်။

ကောင်တာပေါ်မှာ ကျောက်စိမ်းရောင်ဖိနပ်လေးက ရှိနေပါသေးသည်။ ပိုက်ဆံမရှင်းရသေးဘူး ထင်ပါသည်။

"ဟို ... ဒီဖိနပ်လေးကို ဘယ်သူယူထားတာလဲဟင်"

အနီးနားမှာ ဝန်းထမ်းတွေပဲရှိတာမို့ သူမေးလိုက်သည်။

"ဟိုနားက ဆံပင်အနီကောက်ကောက်ကလေးနဲ့ ကောင်မလေးပါ"

သွားပြောကြည့်လျှင် ကောင်းပါ့မလားဟု စဉ်းစားမိပေမယ့်လည်းမတက်နိုင်ပါ။ ဒီတစ်နည်းပဲရှိသည်။

ကောင်မလေးက ဟိုဘက်လှည့်ကာ ကီးချိန်းတွေ ကြည့်နေသည်။

ဂျင်း Overcoat လေးနှင့် ဂျင်းစကတ်အတိုလေးနှင့် သူမပုံစံလေးက

ကြည့်လိုက်တာနှင့် သူဌေးသမီးမှန်း သိသာနေပါသည်။

“ဟို ညီမက ဟိုအပေါ်က ဖိနပ်လေးကို ယူထားတာလား ဟင် . . .”

မတတ်နိုင်တော့တာမို့ မေးလိုက်သည်။ တခြားဆိုင်တွေမှာ လိုက်ရှာလည်း ဒီလောက်အဆင်ပြေမည့် ဖိနပ်က တွေ့ချင်မှ တွေ့ဦးမှာ။

“အင်း . . . ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ . . .”

သူမက လှည့်ကြည့်ပြီး ပြန်ဖြေပါသည်။

“အဲဒီ ဖိနပ်လေး ကျွန်တော်လိုချင်လို့ ဖြစ်နိုင်ရင်အဲဒီ brand ထဲကပဲ တခြားအရောင်ယူပေးလို့ ရမလားဗျာ”

“မဖြစ်နိုင်ဘူး ထင်တယ် . . . ကျွန်မက အဲဒီ အရောင်ပဲကြိုက်တာ . . . ရှင်ပဲ တခြားအရောင်ရွေးလိုက်ပါ”

ကောင်မလေးက ဟိုဘက်ပြန်လှည့်သွားကာ သော့ချိတ်ကလေး ဆက်ရွေးနေသည်။

သက်မှူးနွယ်က သူ့နေရာမှာ တခြားတစ်ယောက်သာဆိုလျှင် လွယ်လွယ်ကူကူပဲပေးလိုက်မှာပါ။

“ကျွန်တော့အတွက် အရေးကြီးလို့ပါ။ အဲဒီ အရောင် အဲဒီ ဆိုဒ်က တစ်ရံပဲရှိတော့လို့ပါ”

သူ လက်မလျှော့ချင်ပါ။ အဲဒီ ဖိနပ်လေးက ဆည်းဆာနှင့်သိပ်အဆင်ပြေနေသည်။

“အင်း ... ဒီလောက်တောင် လိုချင်နေမှလဲ ပေးမယ်လေ၊ ဒါပေမယ့် ဒီအတိုင်းတော့မရဘူးနော် အောက်ထပ်မှာကော်ဖီလိုက်တိုက် . . .”

“ဟာ ရပါတယ်ဗျာ . . . ကျေးဇူးပါပဲ”

သူဂမ်းသာအားရပဲ ခေါင်းညိတ်လိုက်ပါသည်။

ဆည်းဆာအတွက် ဖိနပ်လေးကို အချိန်မီဝယ်နိုင်သည့်အတွက် သူကျေနပ်ပါသည်။

နေမင်းသူရိန်က ဖိုးဇော်ပြောလိုက်သော ရုံးခန်းကိုလာခဲ့ပါသည်။ သူဒွေးကတွေ့ကြည့်ချင်တယ်ဆိုလို့ပါ။ ဒီကုမ္ပဏီမှာ အလုပ်ရအောင် . . . ဖိုးဇော်ကပဲ ပြောပေးတာပါ။ ရုံးခန်းက အပေါ်ဆုံးထပ်မှာမို့ သူဓာတ်လှေကားဆီလျှောက်လာခဲ့သည်။

"ဟင် . . . သက်မှူး ဒီကိုဘာလာလုပ်တာလဲ"

သူဓာတ်လှေကားထဲဝင်တော့မယ့်အချိန်မှာ မထင်မှတ်ဘဲ သက်မှူးနွယ်ကိုတွေ့လိုက်ပါသည်။

"ဟင် ... ဟို အလုပ်လာလျှောက်တာလေ ... ရှင်ရောဘယ်ကိုလာတာလဲ"

"ကျွန်တော်လဲ အလုပ်လာလျှောက်တာပဲပေါ့"

သက်မှူးနွယ်က အပေါ်ထပ်မှာ အလုပ်လာလျှောက်တဲ့လူတွေတွေ့တာနဲ့ ကြုံသလိုပြောလိုက်တာပါ။

အမှန်တကယ်တော့ သူမရဲ့ဦးလေးက ဒီကုမ္ပဏီပိုင်ရှင်၊ ဖေဖေက ရှယ်ယာတွေပါထားတာမို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ဖေဖေကပေးခိုင်းလိုက်တာဖြစ်သည်။ သူ့ကိုအမှန်တိုင်းမပြောချင်ပါ။

"ကျွန်တော် အပေါ်တက်လိုက်အုံးမယ်"

"ဪ ... အင်း ... အင်း . ."

သူသာ ဒီမှာအလုပ်ရရင် ကောင်းမည်။ ပထမတော့ သူမ ကုမ္ပဏီအလုပ်တွေကို စိတ်မဝင်စားပါ။ အခုတော့သူမဦးလေးဆီမှာ အခြေခံက စသင်မယ်လို့ပြောပြီး အလုပ်ဝင်တော့မည်။

သူရိန်ကိုသူမကလွန်ခဲ့သော သုံးလလောက်ကတည်းက သိနေခဲ့တာပါ။ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးရှိသော သူ့ပုံစံကို သူမသတိထားမိတာ ကြာပါပြီ။

ပထမတော့ သူတစ်ယောက်တည်းကို တွေ့တာပါ။ ညနေဘက်တိုင်းလိုလို သူမတို့အိမ်ရှေ့မှ ဖြတ်သွားတက်သည်။

နောက်တော့ သူ့ကောင်မလေးပါ တစ်ခါတလေပါလာတက်သည်။ သူ့မှာကောင်မလေးရှိမှန်းစသိတော့ တစ်မျိုးဖြစ်မိသေးသည်။ နှမြောသလိုလို၊ တစ်ခုခုဆုံးရှုံးသွားသလိုလို။

ဒါပေမယ့် ညနေဘက်တိုင်း ဂရန်တာကနေ သူလာမယ့်လမ်းလေးကို မျှော်ကြည့်နေဆဲပါ။

သက်မှုူးက ကော်ဖီခွက်လေးနှင့် မဂ္ဂဇင်းစာအုပ်ကြီးကို ယူကာ ဂရန်တာလေးဆီသို့ တံခါးဖွင့်ထွက်လာခဲ့ သည်။

*

## အခန်း (၂)

ကော်ဖီခွက်ကို စားပွဲဝိုင်းပေါ်တင်ထားပြီး မဂ္ဂဇင်းစာအုပ်ကို ဟိုလှန်ဒီလှန်လုပ်ရင်း သူလျှောက်လာမယ့် လမ်းထိပ်ဘက်ဆီ မျှော်နေမိသည်။

သက်မှူးက ညနေဘက်ဆို သူမအခန်းနှင့် တွဲလျက်ရှိသော ဂရန်တာလေးမှာထွက်ထိုင်ရင်း စာအုပ်ဖက်တာတို့ MP3 နားထောင်တာတို့ လုပ်တက်သည်။

အဲဒါကြောင့်လည်းညနေတိုင်းသူမတို့အိမ်ရှေ့မှဖြတ်တက်သောသူ့ကိုသဝ မြင်စ,ကတည်းက မှတ်မိသွားတာဘာကြောင့်လဲ။

အခုလည်း မဂ္ဂဇင်းစာအုပ်ဖတ်နေတာ စိတ်မဝင်စားနိုင်ဘဲ သူလာမယ့်လမ်းကိုသာ ခဏခဏမျှော်ကြည့် မိနေသည်။

ဘာမှအဓိပ္ပာမရှိတာ သိပေမယ့်လည်း သူ့ကိုနေ့တိုင်းလိုလို စောင့်ကြည့်နေမိတာ ကိုယ့်ကိုကိုယ်လည်း အံ့ဩမိပါသည်။ ဘယ်လိုလေးမှန်းမသိ။

သူ့မှာ ကောင်မလေးရှိမှန်း သိနေပေမယ့်လည်း သက်မှူးသူ့ကို နေ့တိုင်းမြင်ချင်မိပါသည်။

တစ်ခါတစ်လေလည်း သူ့ကောင်မလေးနှင့်အတူတူ ဖြတ်သွားတက်ပါသည်။

တယုတယ သာသာယာယာကြည်ကြည်နူးနူး ထီးကလေးမိုးပေးလို့ . . .။

သူ့ကို သူ့ကောင်မလေးနှင့် အတူတူတွဲလျှောက်သွားတာ မြင်လျှင်တော့ စိတ်ထဲ ဝမ်းနည်းသလို ဖြစ်မိသည်။

အခုလည်း . . . သူလာမယ့်လမ်းဆီ မျှော်ကြည့်နေရင်း သူ့ကောင်မလေး မပါပါစေနဲ့လို့ တိတ်တဆိတ် ဆုတောင်းမိသည်။

တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ပုံရသော သူတို့အတွဲကိုမြင်လျှင် သက်မှူးစိတ်ထဲ အားငယ်သလို ခံစားရသည်။ အဲဒါကြောင့် သက်မှူး သူ့ကိုတစ်ယောက်တည်းပဲ မြင်ချင်မိသည်။ မသိစိတ်၏ အတ္တလား၊ လောဘလား။

သက်မှူး ဆုတောင်းပြည့်ပါသည်။ သိပ်မကြာလိုက်ဘဲ သူကတစ်ယောက်တည်း လျှောက်လာနေသည်။

သူလျှောက်လာပုံက ခပ်မတ်မတ်နှင့် ကြည့်ကောင်းလှပါသည်။ သူမကိုအရမ်းဆွဲဆောင်သည်။

ပုဆိုးအပြာရောင်အကွက်စိပ်လေးနှင့် ရှပ်အင်္ကျီလက်တိုကို ဝတ်ထားပြီးကတ္တီပါဖိနပ်လေးညှင်းရောင်ကို စီးထားသော သူ့ခြေထောက်အစုံကလည်း ဖွေးသန့်နေသည်။ အမြဲတမ်း သန့်ပြန့်နေတက်တာ သူ့စရိုက်ပါ။

သက်မှူးက သူ့ကိုပဲ စူးစူးစိုက်စိုက် ကြည့်နေမိပေမယ့် သူကတော့ သက်မှူးကို သတိထားမိပုံမရပါ။

လမ်းတလျှောက်ကို ဘာမှမကြည့်ပဲရှေ့တည့်တည့်ကိုသာ ကြည့်ပြီးဖြတ်လျှောက်သွားပါသည်။

သူမ,ကြည့်နေတာကို လုံးဝသတိမပြုပါ။ ချစ်သူရှိတာကြောင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်တော့တာလား။ ဒါမှမဟုတ် ဘာသိဘာသာ နေတတ်တာလား။

သက်မှူး ညနေတိုင်း ဂရန်တာထွက်ကာ ငေးနေရသောသူနှင့် ကံကောင်းလျှင် အလုပ်အတူတူလုပ်ရတော့မည်။

သက်မှူးအစ်ကိုဂမ်းကွဲရဲ့ကုမ္ပဏီမှာ သူအလုပ်ရပါစေလို့ဆုတောင်းပေးမိသည်။

သက်မှူးလည်း အဲဒီ မှာ အလုပ်ဝင်ဖို့ ဖေဖေနှင့်မေမေ့ကို ပြောထားပါသည်။

ဘာပဲဖြစ်ဖြစ် သက်မှူး သူနှင့်ရင်းနှီးခွင့်ရချင်သည်။ သူ့မှာ ချစ်သူရှိမှန်းသိနေပေမယ့်လည်း သက်မှူး သူနှင့် ခင်ချင်သည်။ ထူးဆန်းသော ခံစားမှုပါပဲ။

သူက သူ့ကောင်မလေးကို သိပ်ချစ်ပုံရပါသည်။

တွေ့လိုက်တိုင်း သူ့ကောင်မလေးလက်ကို တယုတယနှင့်ဆွဲထားတတ်သည်။

သူ့ကောင်မလေးကို အားကျစိတ်နှင့် မနာလိုဖြစ်မိပေမယ့် အဆင်ပြေနေတဲ့ သူတို့နှစ်ယောက်ရဲ့ကြားကို သူမဇွတ်မဝင်ချင်ပါ။ ပြီးတော့ `ဗီလိန် မဖြစ်ချင်။

ကိုယ့်ဘက်က တိတ်တိတ်လေး စွဲလမ်းနေမိသူနှင့် ရင်းနှီး ခင်မင်ချင်ရုံပဲ ရှိတာပါ။

အဆင်ပြေနေတဲ့သူတို့နှစ်ယောက်ကို သက်မှူး မနှောင့်ယှက်ချင်ပါ။ ငရဲကြီးမှာ စိုးသည်။

သူများချစ်သူကို လုယူနိုင်ဖို့လည်း သက်မှူးမှာ သတ္တိမရှိပါ။

သူမက ရှက်တက် ကြောက်တတ်သူပါ။ ပြီးတော့ မတရား မလုပ်ချင်၊ ဝဋ်လိုက်မှာလည်း စိုးသည်။

သက်မှူး ကိုယ့်ကိုကိုယ် ကံဆိုးတယ်လို့ပဲ ထင်မိသည်။ သက်မှူး ပထမဆုံး ရင်ခုန်စွာ ချစ်မိတဲ့သူက ချစ်သူရှိနှင့်နေသည်။

ကြေကွဲစရာကောင်းလွန်းလိုက်တာ။

သူ့ကောင်မလေးလည်း တော်တော်လှပြီး သူနဲ့လည်း လိုက်ဖက်ပါသည်။

ရှေ့သွားနောက်လိုက်ညီပြီး တင့်တယ်လွန်းလှ၏

အထူးသဖြင့် သူ့မျက်လုံးအစုံက သူ့ကောင်မလေးကိုမြတ်နိုးနှစ်သက်တာ ပေါ်လွင်၏။ ဂရုစိုက်တာ သိသာ၏။

သူကပိုပြီးသည်းသည်းလှုပ် အချစ်ကြီး ချစ်နေပုံပါ။

ကောင်မလေးက သိပ်လှလို့များလား၊ သူ့ကောင်မလေးကလည်း မိန်းကလေးချင်းပင် မနာလိုစရာပင် ကောင်းနေသည်။

မင်းသမီးလေးတစ်ယောက်လို ကြော့ရှင်း ဆွဲဆောင်မှု ရှိလွန်းသည်။

အဲဒီ ကောင်မလေးကို ချစ်သူဖြစ်ခွင့်ရတာ သူ့ဂုဏ်ယူ ကျေနပ်နေမှာပါ။

သက်မှူးနွယ်က ဝယ်လာခဲ့သော ဖိနပ်လိမ္မော်ရောင်ကလေးကို ဘူးလှလှထဲကထုတ်ကြည့်မိသည်။

တကယ်ဆို . . . ကျောက်စိမ်းရောင်တောက်တောက်ကလေးကို ပိုချင်ခဲ့တာပါ၊ ရွေးလည်း ရွေးခဲ့ပြီးပြီ။ ပိုက်ဆံရှင်းဖို့ကောင်တာပေါ်ပင် တင်ထားခဲ့ပြီးသား။

သို့ပေမယ့် `သူ က အဲဒီ အစိမ်းရောင် ဖိနပ်ကလေးကိုမှ သူ့ချစ်သူအတွက် လိုချင်သည်ဆိုတော့လည်း . . .

ပင့်သက်မျှင်းမျှင်းရှိုက်ကာ ဖိနပ်ကလေးကို မှန်ဘီရိုအောက်ထပ်ထဲ ထည့်လိုက်၏

ဘာလို့များ လိုလားစွာလဲပေးမိသလဲ။

ရက်ရက်ရောရောလဲပေးလိုက်တာ။

သူနှင့်ပက်သက်ရင် သူမစိတ်တွေက ဆန်းကြယ်လွန်းနေသည်။ နက်ရှိုင်းလွန်းနေသည်။

သူမနှလုံးသားက နားလည်ရ ခက်နေသည်။

"ကော်ဖီတိုက်ရင် လဲပေးမယ်" ဟုတောင်းဆိုမိတာသည်လွှတ်ခနဲ နှုတ်ဖျားက ခုန်ထွက်သွားတာ။

သူနှင့်စကားပြောချင်တာ ရင်းနှီးခင်မင်ချင်တာ သိပ်သေချာသည်။

မိန်းကလေးဘက်ကစပြီး ချင်းနှီးချင်းကပ်ရတာ ရှက်မယ်ဆိုရှက်စရာ။ ရှက်လည်းမရှက်နိုင်ပါ။

သူ့ဘက်ကစပြီး ကိုယ့်ကို စကားလာပြောတာ . . . ဒါ အခွင့်အရေးတစ်ခု။

သူနှင့် အနည်းဆုံး သိကျွမ်းခွင့်ရမည်။ ကော်ဖီဆိုင်ကလေးထဲ ရောက်တော့ သူက . . .

"ဘာသောက်မလဲ ကျွန်တော် သွားယူပေးရမလား၊ ခင်ဗျား ထိုင်စောင့်မလား၊ ခင်ဗျားမုန့်လိုက်ရွေးမလား"

"ခုံမှာပဲထိုင်စောင့်မယ်၊ ဒဲနစ်ရှ်တစ်ခုနဲ့ ကော်ဖီပူတစ်ခွက်ဆို ရပြီ"

"အိုကေ . . ."

သူက ကိုယ့်အတွက် ကော်ဖီနှင့် မုန့်ကို ဗန်းကလေးနှင့် သယ်လာပေးပြီး သူနှင့် မျက်နှာချင်းဆိုင် ထိုင်ရင်း ကော်ဖီသောက်ရလိမ့်မည်ဟု လုံးဝမထင်ခဲ့ပါ။

ရင်ထဲမှာ လူးလူးလွန့်လွန့် ပျော်ပါသည်။

ကော်ဖီက အရမ်းပဲ သောက်လို့ကောင်းလှ၏ ။ သူကိုယ်တိုင် ဝယ်တိုက်လို့များလား။

“ကျွန်တော့နာမည် နေမင်းသူရိန်ပါ”

“ကျွန်မက သက်မှူးနွယ်နှောင်းချိုပါ”

“ဟုတ်ကဲ့”

တစ်ယောက်ကိုတစ်ယောက် မိတ်ဖွဲ့မိ၏။

“ခုနကတည်းက ကျွန်တော်မှားသွားတာ . . .”

“ရှင် . . .”

သူက ဘာကိုမျှားနောင်တ ရပါလိမ့်။

“ကောင်တာမှာ တင်ထားတာ မသိမသာ ကျွန်တော် ပိုက်ဆံရှင်းပြီး ယူသွားရင် ပြီးရော . . . ခင်ဗျား သိလိုက်မှာမဟုတ်ဘူး”

“ဟင်”

အဲဒီ လို `ရ[illegible]မလား။

လွယ်လိုက်တာ။

“ရှင့်ကို အမြက်တင်ရောင်းတာမှ မဟုတ်ဘဲ ရှင်က မကျေမနပ် ဖြစ်နေရအောင်”

“ဘာပဲဖြစ်ဖြစ် ကော်ဖီဖိုးရှင်းရတယ်လေ”

“ရှင်က အဲဒါကို မကျေမနပ်ဖြစ်နေတယ်ပေါ့”

သက်မှူးနွယ် ရယ်မိပါသည်။

သူ့ပုံစံက မခံချိ မခံသာ။

ကိုယ်ယူထားပြီးသားဖိနပ်ကို သူကပိုက်ဆံရှင်းပြီး ယူသွားအုံးမတဲ့လား။

ငွေရှင်းကောင်တာက သူ့ကို ပေးရှင်းမှာတဲ့လား။ အဲဒီ

လောက်လွယ်မလား။

“မကျေနပ်ရင် ကျွန်မ ပြန်ကျွေးပါ့မယ်”

“ရပါတယ်ဗျာ”

“ရှင်က နှမြောတွန့်တို စေတနာမရှိရင် ပြောတာပါနော်”

သူမစကားက သူ့ကိုအနေခက်စေသည်။

“ကော်ဖီတိုက်ချင်ပါတယ် . . . ဒါပေမယ့်”

သူက စကားကို ဆုံးအောင်မပြောဘဲ သူမကို စိုက်ကြည့်နေ၏ ။

“ဒါပေမယ့် ဘာဖြစ်လဲ”

မျက်လုံးချင်းဆုံကာ မေးမိသည်။

ရင်ထဲမှာ လိပ်ပြာတွေ တဖျပ်ဖျပ် ပျံပြေးနေသလို ခံစားရ၏ ။

နွေးထွေးလှိုက်ဖို ရှိန်းမြသော ခံစားမှုတစ်မျိုး ဝင်ရောက်လာ၏ ။

“အခုလိုကြောင့် တိုက်ရတာ တစ်မျိုးကြီးပေါ့”

“ရှင်ပဲ အရမ်းလိုချင်လို့ လဲပေးပါဆို”

“ဟုတ်တယ်လေ”

“ကော်ဖီမတိုက်သင့်ဘူးလား၊ ကျွန်မက လဲပေးတယ်လေ၊ ရှင် ကျေးဇူးတင်သင့်တာ”

“ဟုတ်တော့ ဟုတ်ပါတယ်”

သက်မှူးနွယ်က သူ့ကို ရယ်ကာနေမိ၏ ။

ထင်ထားတာထက် . . . သူက ပိုပြီး ကတ်သီးကတ်သတ် နိုင်သည်။ နားလည်ရခက်သည်။

ခပ်ဝေးဝေးက ငေးကြည့်နေတုန်းက သူ့အကြောင်း အဲဒီ လောက်အထိ မသိရပါ။

စကားပြောမှပဲ သိလာရတာ ။

တဖြည်းဖြည်း ကြာလာရင် ပိုပို သိလာမှာ . . .

ဟောတော့ . . .

သက်မှူးနွယ်က ဘာကိုမျှော်လင့်နေမိတာလဲ၊ နောက်ထပ်တွေ့ကြဖို့လား၊ ခင်မင်ရင်းနှီးဖို့လား။

*

ဆည်းဆာတို့ အိမ်တံခါးကို ခေါက်ပြီး စောင့်နေခိုက်မှာ သူရိန် စိတ်လှုပ်ရှားမိသည်။

ဆည်းဆာကို သူ တကယ်ချစ်တာပါ။

ဘာပဲဖြစ်ဖြစ် . . . သူမအတွက်ဆို လိုက်လျောနိုင်သမျှ လိုက်လျော ဖြည့်ဆည်းပေးချင်မိသည်။

ဆည်းဆာရဲ့အမေက တံခါးဖွင့်ပေးပါသည်။

ဆည်းဆာမိဘတွေနှင့်လည်း သူက ရင်းနှီးပြီးသားပါ။

“လာ . . . သား”

“ဟုတ်ကဲ့”

“ဆည်းဆာတော့ အခုပဲ နိုးတယ်၊ ခဏနေဦး”

“ဟုတ်ကဲ့”

ဆည်းဆာအမေ အိမ်ထဲဝင်သွားပြီး ခဏလောက်နေတော့ ဆည်းဆာထွက်လာပါသည်။

စာအိတ်ကလေးနှင့်ထည့်ထားသော ပိုက်ဆံနှင့် ဖိနပ်ကို ထုပ်ပေးလိုက်သည်။

ဖိနပ်လေးကို ချစီးကြည့်ပြီး ဆည်းဆာမျက်နှာလေးက ပြုံးပျော်နေသည်။

“ကျေနပ်ပြီလား”

ဆည်းဆာက ပြုံးပြီး ခေါင်းညိတ်ပြသည်။

ဆည်းဆာပျော်သွားတာမြင်တော့ သူလည်း ကျေနပ်ပါသည်။

ဆည်းဆာက တောက်ပသောအပြုံးလေးနှင့် . . .

“ကျေးဇူးပဲ” ဟု တိုးတိုးဆိုမိသည်။

သူရိန်ကို တကယ်ပဲ ကျေးဇူးတင်မိသည်။

အလိုဆန္ဒ ပြည့်တော့မှာမို့ ဆည်းဆာအရမ်းပျော်သည်။ သူရိန်အကူအညီကြောင့် ဆည်းဆာ ထို Model show ကို လျှောက်ခွင့်ရတော့မည်။

ထိုပွဲကို သူမအရမ်းမျှော်လင့်ထားတာပါ။ ဆည်းဆာရင်ထဲမှာ သူရိန်ကိုချစ်စိတ်နှင့် ကရုဏာလည်း သက်မိသည်။

ထိုပိုက်ဆံကိုလည်း . . . လခထုပ်တာနှင့် ပြန်ပေးဖို့ပါ တွေးလိုက်မိသည်။

“ငါ လခထုတ်တာနဲ့ ပြန်ပေးမယ်နော်” ဟု ကတိပေးလိုက်သည်။

“ရပါတယ် ငါ့ကို အေးဆေးမှပဲ ပေးပါ။ နင်လိုတာတွေ အရင်ဝယ်ပါဦး”

သူရိန်က သူမအတွက်ဆို အဘက်ဘက်ကတွေးတက်လွန်းသည်။ ဘာမဆိုနားလည်ပေးတက်လွန်းသည်။

သူရိန်နှင့် ချစ်သူဖြစ်ခွင့်ရတာ သူမကံကောင်းတယ်လို့ ထင်မိသည်။

*

ဆည်းဆာတိမ်လွှာက ဖုန်းဆက်ဖို့ လမ်းထိပ်ထွက်လာခဲ့သည်။ သူမတို့အိမ်မှာ ဖုန်းမရှိပါ။

သူရိန်တို့ အိမ်မှာတော့ရှိပါသည်။ သူရိန်တို့က သူမတို့ထက်စာရင်တော့ ပြည့်ပြည့်စုံစုံရှိပါသည်။

မပြည့်စုံသောဘဝကို သူမ တကယ်ပဲ စိတ်ပျက်မိပါသည်။ သူမ လိုချင်တောင့်တနေသော ဘဝနှင့် လုံးဝတခြားစီဖြစ်သည်။ သူမလိုချင်သောဘဝက စိတ်ကူးယဉ်ကြည့်လျှင်တောင် သိပ်ပျော်စရာ ကောင်းသည်။

ဒါကြောင့်လည်း သူမ နာမည်ကြီးချင်တာပါ။ သရုပ်ဆောင် အလုပ်က သူမ တကယ်လည်း ဝါသနာပါပါသည်။

ဟိုတွေးဒီတွေးနှင့် ဖုန်းဆိုင်ဘယ်လို ရောက်လာမှန်းတောင်မသိပါ။ စိတ်က လူနှင့်မကပ်ချင်။

"ဖုန်းဆက်မလို့ အန်တီ"

"ဆက်လေ . . . သမီး"

ဆည်းဆာက အလွတ်ရနေသောဖုန်းနံပါတ်လေးကို ခေါ်လိုက်သည်။

"ဟဲလို"

“သူရိန်လား . . .”

“ဆည်းဆာ . . . ငါ အခုနကဆက်တာ နင်ဘာလို့မကိုင်တာလဲ . . .”

“ငါ . . . သက်နဲ့ အပြင်သွားနေတာ . . . နင်ဖုန်းဆက်တယ် ဆိုလို့ ငါပြန်ခေါ်လိုက်တာ . . .”

“နင့်ကို ငါပြောမလို့ . . .ငါအလုပ်ရပြီ”

“ဟို ဖိုးဇော်ပြောပေးတဲ့ အလုပ်လေ . . .”

“ဟုတ်လား . . . ကောင်းတာပေါ့”

သူရိန်က သိပ်ပျော်နေပုံပါ။ သူမကတော့ သူ့ကို သာမန် ဝန်ထမ်းတစ်ယောက်တော့ မဖြစ်စေချင်ပါ။ ကြီးပွားမယ့် ကိုယ်ပိုင်အလုပ်လေး လုပ်စေချင်တာပါ။

“ဆည်းဆာ နင် ဝမ်းမသာဘူးလား”

“အင်း . . . အလုပ်ရတာ တော့ ကောင်းတာပေါ့ဟာ၊ ဒါပေမယ့် နင့်ကို ဒီလောက်နဲ့ မကျေနပ်စေချင်ဘူး ...”

“ကံရှိရင် တစ်နေ့နေ့တော့ တစ်ခုခုဖြစ်မှာပေါ့ဟာ . . .”

အမြဲရောင့်ရဲနိုင်သော သူရိန်ပြောနေကျ စကားပါ။ သူမ လက်လျှော့လိုက်ပါသည်။

“ဩော် . . . ငါလဲ မနက်ဖြန်ဆို show လျှောက်ရတော့မယ်၊ နင်လာခဲ့ရမယ်နော် . . .”

“မနက်ဖြန် ငါအလုပ်ဆင်းရမှာ ပထမဆုံးရက်။ မီရင်တော့ လာခဲ့မယ်လေ . . .”

“မရဘူးဟာ လာကိုလာရမယ် ... ငါပထမဆုံးလျှောက်တဲ့ ပွဲမှာ

နင်ရှိရမယ် . . .”

“ပထမဆုံးနေ့ ခွင့်ယူရင်လဲ မကောင်းဘူးလေ . . . မီရင် တကယ်လာခဲ့ပါမယ်ဟာ . . .”

သူမ စင်ပေါ်မှာ လျှောက်တာကို သူ တကယ်ပဲသွားပြီး အားပေးချင်ပါသည်။

“အဲဒါဆိုလဲ ဒါပဲနော်”

“ငါ့ကို စိတ်ဆိုးသွားတာလား”

“မဟုတ်ပါဘူး . . . ငါအိမ်မှာ လုပ်စရာလေးတွေ ရှိသေးတယ်၊ ဒါပဲနော် . . .”

သူမ ဖုန်းဖိုးပိုက်ဆံပေးပြီး ပြန်လာခဲ့သည်။

ဒီနေ့စောစောအိပ်ရမည်။ ပေါင်းတင်တာတို့ဘာတို့လည်း လုပ်ရဦးမည်။

မနက်ဖြန်ကျလျှင် သူမရဲ့ ပထမဆုံး show ပွဲ လျှောက်ရတော့မှာ ဖြစ်သည်။

*

ဖက်ရှင်မယ်တွေက အလှပြင်ဖို့ အခန်းသက်သက်ပေးထားသည်။ မှန်ကြည့်သူကကြည့်၊ မိတ်ကပ်ရိုက်သူကရိုက် စကားပြောသူက ပြောနှင့် စည်စည်ကားကား ပျော်စရာကြီးပါ။

အကုန်လုံးလိုလိုက လှကြပါသည်။ အရပ်မြင့်မြင့်လေးနှင့် ကြော့ကြော့ရှင်းရှင်းလေးတွေ ဖြစ်ပါသည်။

နာမည်ကြီးကုမ္ပဏီက လုပ်တာမို့ ခမ်းခမ်းနားနားလည်းဖြစ်သည်။

"သမီးက သိပ်လှတာပဲကွယ်"

မိတ်ကပ်ပြင်ပေးတဲ့ မာမီကြီးက သဘောတကျဆိုပါသည်။

"သူများတွေလဲ လှကြပါတယ်"

"သမီးက တကယ့်ကို ကြည်ကြည်လင်လင်လေးနဲ့လှတာ မတူဘူး . . ."

"ဟုတ်လို့လား မာမီရယ် . . .
သမီးတို့အလှည့်ရောက်တော့မလားမသိဘူး . . ."

"အင်း . . . ရောက်တော့မယ်ထင်တယ် . . ."

လျှောက်မယ့်လူတွေက တော်တော်များပါသည်။ တစ်ခါတည်းရွေးပြီး တစ်ခါတည်း ဆုပေးမှာဖြစ်သည်။ အားလုံးက ရယ်ဒီဖြစ်နေပါပြီ။

အများစုကတော့ ခန္ဓာကိုယ်နှင့် ဖစ်ဆိုက် ကိုယ်ကျပ်တစ်ဆက်တည်း ဝတ်စုံကို ရွေးချယ်တာများပါသည်။

သူမရွေးချယ်ထားသော ကျောက်စိမ်းရောင်ဂါဝန်လေးက သူမအသားဝင်းဝင်းနှင့် ထင်ထင်လင်းလင်းလေး လိုက်ဖက်နေသည်။

လည်တိုင်လေးမှာတော့ ပလက်တီနမ်ကွင်းမှာ ကျောက်စိမ်းရောင်ကျောက် အကြီးကြီးပါသော လည်ဆွဲလေးနှင့်ဖြစ်သည်။

အင်္ကျီအပေါ်ပိုင်းမှာရှင်းလင်းကာလည်တိုင်ရင်ညွန့်နှင့်ပခုံးသားဝင်းဝင်းမွ ဖွင့်လှစ်ပြသထားသည်။ သည်လောက်တော့ ဝတ်ရမှာပေါ့လေ။

သူမအလှည့် ရောက်တော့မည်။ ရင်ခုန်ပါသည်။ ဒါက သူမရဲ့ ပထမဆုံးပွဲမို့လို့ နည်းနည်းတော့ ကြောက်သည်။

DJ တီးလုံးတွေက ဆူဆူညံညံ . . . မြောက်ကြွကြွနှင့် မီးဆလိုက်တွေက

တဖျပ်ဖျပ်နှင့် လူတွေကလည်း အများကြီး၊ ရင်ခုန်စရာတော့ ကောင်းပါသည်။

စင်ပေါ်မှာ လျှောက်နေကတည်းက အဲဒီ တစ်ယောက်ကို ဆည်းဆာ သတိထားမိနေတာပါ။

သူမအလှည့်ရောက်လျှင် ကင်မရာလေးနှင့် သိသိသာသာ ရိုက်နေတာ။ လူပုံစံကလည်း သားသားနားနားနှင့် ဒီပွဲမှာ အရေးပါပုံတော့ရသည်။

သူ့ငွေးသားရုပ်နှင့် သူမထက်တော့ အသက်နည်းနည်း ကြီးပုံရသည်။

လူကြီးလူကောင်းတစ်ယောက်ပုံစံနှင့်သားနားနေသည်။ ဆည်းဆာစင်ပေါ်ကဆင်းလာတော့ . . . သူကပြုံးပြကာ ဆည်းဆာရှိရာ လျှောက်လာသည်။

ဆည်းဆာကလည်း အစကတည်းက သူ့ကိုသတိထားမိတော့ . . .အလိုက်သင့် ပြန်ပြုံးပြဖြစ်သည်။

"မင်းက သိပ်လှတယ်"

သူ့စကားကြောင့် ဆည်းဆာပြုံးမိပါသည်။

"ဟုတ်လား . . . ကျေးဇူးတင်ပါတယ်ရှင်"

"တကယ်ပြောတာပါ၊ အသစ်လို့တောင် မထင်ရဘူး ပြောစရာမရှိအောင် ပြည့်စုံတာပါ"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲရှင်၊ ကျွန်မက ဆည်းဆာတိမ်လွှာပါ"

"ကျွန်တော်က သန့်သစ်လွင်ပါ"

သူက သူ့ကိုယ်သူ ပြန်မိတ်ဆက်သည်။

သေသေချာချာအနီးကပ်မြင်ရတော့ . . . သူကတော်တော်ချောပါသည်။

အသားက ဝင်းဝင်းစိုစိုနှင့် သန့်ပြန့်ကြည့်ကောင်းလွန်းနေသည်။

ဝတ်ထားသော အနောက်တိုင်းဝတ်စုံနှင့်လည်း လိုက်ဖက်သည်။

စီးထားသော လယ်သာရှူးဖိနပ်ကလည်း တောက်ပြောင်နေသည်။

"ကျွန်တော်က ရောင်စဉ်သစ်ရုပ်ရှင်ကုမ္ပဏီကပါ၊ ကျွန်တော်တို့ကုမ္ပဏီက မင်းသမီးအသစ်တင်ချင်လို့ မဆည်းဆာစိတ်ဝင်စားလားမသိဘူး"

"ရှင်"

သူမက ရုတ်တရက်မို့ တော်တော်အံ့သြသွားမိသည်။

"ဘာဖြစ်လို့လဲ၊ အဲဒါတွေ စိတ်မဝင်စားလို့လား"

"ဟို . . . မဟုတ်ပါဘူး၊ အရမ်းစိတ်ဝင်စားပါတယ်၊ အံ့သြသွားတာပါ"

ဆည်းဆာက ဒီလိုအခွင့်အရေးကို မျှော်လင့်မိတာပါ။ အဲဒါကြောင့်လည်း ဒီပွဲမှာ လျှောက်ခွင့်ရအောင် ကြိုးစား။တာပါ။ အပျော်သက်သက်ဝင်လျှောက်တာမဟုတ်ပါ။

သူမရဲ့အလှအပနဲ့ ရဲတင်းသွက်လက်မှုတွေကိုကြည့်ပြီး တော်တော်များများချီးကျူးကြသည်။ ဒါကြောင့်လည်း သူမ ကိုယ့်ကိုယ်ကို ယုံကြည်မှုပိုခဲ့တာပါ။

"ဒါဆို ကျွန်တော့်လိပ်စာကတ်ကို ယူထားလိုက်ပေါ့"

ဆည်းဆာကသူပေးသော လိပ်စာကတ်လှလှလေးကိုအမြတ်တနိုးပဲ ယူထားလိုက်ပါသည်။

သူမ မျှော်လင့်သောပန်းတိုင်သို့ရောက်နိုင်ဖို့ လမ်းစလေးပါပဲ။

"တကယ်စိတ်ဝင်စားတယ်ဆိုရင် ကုမ္ပဏီကိုလဲ လာခဲ့လို့ရတယ်၊ ကျွန်တော် မရှိရင် အဖေတော့ရှိတယ်၊ ကျွန်တော့ အဖေကို သိလားမသိဘူး . . .ဒီပွဲကို ဖေဖေ့ကုမ္ပဏီက စပွန်ဆာပေးထားတာလေ"

"ဟုတ်လား"

သူ့ကိုစတွေ့တော့ ဒီလောက်အနေထားမှန်း မသိခဲ့ပါ အားလုံးထဲကမှ သူမကို ရွေးချယ် ကမ်းလှမ်းတာဆိုတော့ ကံထူးရှင်တစ်ယောက်လိုပါပဲ။

ဒီတစ်ခါတော့ ကံကြမ္မာကို သူမသိပ်ကျေးဇူးတင်ပါသည်။

ဆည်းဆာတိမ်လွှာတော်တော်လေးကျေနပ်နေမိသည်။ ခုလိုအဆက်အသွယ်ကောင်းကောင်းတစ်ခုက ရဖို့ လွယ်တာမဟုတ်။

"ကျွန်တော့ဘက်ကရော ဘယ်လိုဆက်သွယ်ရမလဲ"

"ဩော် . . . ရပါတယ်၊ လိပ်စာကတ်တော့မရှိဘူး၊ ဖုန်းနံပါတ်ရေးပေးမယ်လေ . . . တစ်ဆင့်ခေါ်ပေါ့"

သူမက ပိုက်ဆံအိတ်ထဲက စာရွက်နှင့် ဘောပင်လေး ထုတ်ပြီး ဖုန်းနံပါတ်လေး မြန်မြန်ရေးပေးလိုက်သည်။

သူ့ပုံစံကြည့်ရတာ သူရိန်ပြောသလို လူလည်တစ်ယောက်တော့ မဟုတ်လောက်ဘူးထင်တာပဲ။

သူရိန်က သူမကို လူလည်တွေနှင့် တွေ့မှာ ခုကတည်းက စိုးရိမ်နေပါသည်။

သူမရည်မှန်းချက်တွေကို ပြောပြတိုင်းလည်း . . .

"လူတိုင်းကို မယုံနဲ့၊ လူလည်တွေများတယ်"လို့ စိတ်ပူစွာ သတိပေးတက်သည်။

သန့်သစ်လွင်ကို လူလည်တစ်ယောက်လို့ မထင်မိပါ။ တည်တည်ကြည်ကြည်ရှိသော သူ့ပုံစံကို ယုံကြည်မိပါသည်။

"ကျေးဇူးပါပဲ"

အမှန်တိုင်း ဝန်ခံရလျှင် ဒီပွဲကို သူရိန်ရောက်မလာလို့ ဝမ်းနည်းသည့်စိတ်သည် သန့်သစ်လွင်နဲ့ တွေ့ပြီးတော့မှ လုံးဝပျောက်သွားသည်။

တစ်ခုခုကို ပျော်သလိုလိုနှင့် လမ်းလျှောက်ရင်း မြောက်ကြွကြွလေး ဖြစ်နေမိသလားတောင် မသိပါ။ ထိုပွဲမှာ သူမ ဒုတိယဆု ရပါသည်။

မျှော်မှန်းထားတာမဟုတ်ပေမယ့်လည်း ပထမမရတဲ့အတွက်တော့ သိပ်ဝမ်းမနည်းမိတော့ပါ။

သူမဆီ သန့်သစ်လွင်သာရောက်မလာခဲ့လျှင်တော့ ဒီပွဲမှာပထမဆုမရတာ တော်တော်ဝမ်းနည်းမိမည် ထင်သည်။ အခုတော့ . . . စိတ်ထည်းဖြေသာသလိုပင်။

ဒီအကြောင်းကို . . . သက်ဆီသွားပြီး ကြွားရဦးမည်။ သူမ သူငယ်ချင်း `သက်�သိလျှင် ဝမ်းသာမှာပါ။ သက်က သူမကို အောင်မြင်စေချင်သူဖြစ်သည်။

အရမ်းလည်း အားပေးပါသည်။

ပြီးတော့ သိပ်ပြီးရောင့်ရဲကျေနပ်နိုင်တဲ့သူရိန်ကိုလည်း သူမရဲ့အောင်မြင်မှုကို သိအောင်ပြောပြရဦးမည်။ ရင့်ကျက်အေးငြိမ်းသော အပြုံးနှင့် ကြည့်နေမှာပါ။

သူရိန်ကော အဆင်ပြေရဲ့လားမသိ။ သူလည်း ဒီနေ့ အလုပ် စ,ဝင်တာဖြစ်သည်။ ဒီနေ့ကတော့ သူမတို့နှင်ယောက်လုံး အတွက် ထူးခြားသော နေ့တစ်နေ့ဖြစ်သည်။

မှတ်မှတ်ရရပါပဲ။

သူကံကောင်းတယ်လို့ပဲဆိုရမှာပါ။အလုပ်ကိုအလွယ်တကူရပြီး

လခကလဲ ကောင်းပါသည်။ အရင်အလုပ်ထက် အများကြီးပိုအဆင်ပြေပြီး လခလည်း အများကြီး ပိုကောင်းပါသည်။

အဲကွန်းခန်းထဲမှာ အေးအေးဆေးဆေး ထိုင်လုပ်ရတာ ဖြစ်သည်။ သူ့စားပွဲပေါ်မှာ ကွန်ပြူတာနှင့် ဖုန်းတစ်လုံးရှိသည်။အသွားအပြန် ဖယ်ရီအကြိုအပို့လည်း ရှိပါသည်။

လုပ်ဖော်ကိုင်ဖက်တွေကပြောကြတာတော့တစ်လတစ်ခါညစာစားပွဲလည တစ်နှစ်တစ်ခါလည်း အပန်းဖြေခရီး သွားရသတဲ့ ကြားရတာ နှင့်အားရှိပါသည်။

လခကလည်း အရင်အလုပ်ထက် သုံးဆလောက် ပိုများတော့ . . .ဆည်းဆာနှင့် သူ နီးစပ်ဖို့လမ်းစ တွေ့ပြီထင်ပါရဲ့။

သူဌေးကလည်း သူနှင့်မတိမ်းမယိမ်း လူငယ်တစ်ယောက်ပဲ ဖြစ်သည်။

သဘောလည်း ကောင်းပါသည်။

အဆင့်အတန်း ခွဲခြားတာတွေလဲမရှိပါ။

သူဌေးတစ်ယောက်ပဲဆိုပြီး ဟန်ကြီး ပန်ကြီးနှင့် မနေပါ။ ဝန်ထမ်းအားလုံးနှင့်လည်း တရင်းတနှီးရှိသည်။ ဒါကြောင့်လည်း ဝန်ထမ်းအားလုံးက ချစ်ခင်လေးစားကြတာ ထင်ပါသည်။

ပြည့်စုံသော ကိုသန့်သစ်လွင်ရဲ့ ဘဝကို အားကျမိပေမယ့် သူ့ဘဝ သူလည်း ရောင့်ရဲနိုင်ပါသည်။

ဆည်းဆာကတော့ သူနှင့်မတူပါ။

ဟိုး အမြင့်ကြီးကို မျှော်မှန်းတတ်သည်။

အရမ်းအောင်မြင်တဲ့ မင်းသမီးတစ်ယောက်ဖြစ်ချင်တာ သူမရဲ့ အကြီးမားဆုံး ဆန္ဒပါ။

သူတို့နှစ်ယောက် ပိုက်ဆံရပြီး သာမန်လက်ထပ်ပွဲလေး လုပ်ဖို့တော့ သူ့ဘက်က တတ်နိုင်ပါသည်။

သူမကို မင်းသမီးတို့ မော်ဒယ်တို့ မလုပ်စေချင်ပါ။ သာမန်အိမ်ရှင်မလေးပဲ ဖြစ်စေချင်သည်။

သူမကတော့ မိန်းကလေးအလုပ်တွေ စိတ်မဝင်စားဘူးဟု ခဏခဏပြောဖူးသည်။

သီချင်းတွေဆို ဓာတ်ပုံတွေ ရိုက်ရလျှင်တော့ ပျော်နေတတ်သူပါ။

*